ဆီးကျအင်းကျေးရွာ

ပင်းတယမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆီးကျအင်း ကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဩဂုတ် ၊ ၂၀၁၉


ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဆီးကျအင်းကျေးရွာ
ပင်းတယမြို့နယ်

**ဆီးကျအင်းကျေးရွာ**

**မာတိကာ**


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | |
| | **ကျေးရွာသယံဇာတပြမြေပုံ** | |
| ၁ | **တည်နေရာနှင့် ပထဝီဝင်အနေအထား** | ၅ |
| ၂ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၅ |
| ၃ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ** | ၅ |
| ၄ | **စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | |
| | (က)သီးနှံစိုက်ပျိုးရေး | ၆ |
| | (ခ)မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ)ငါးလုပ်ငန်း | ၇ |
| | (ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၇ |
| | (င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၇,၈ |
| ၅ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | |
| | (က)ကျေးလက်သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ)ကျေးရွာမီးလင်းရေး | ၈ |
| | (ဂ)သတင်းနှင့် ဆက်သွယ်ရေး | ၈ |
| ၆ | **ပညာရေး** | ၈,၉ |
| ၇ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၉ |
| ၈ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၉,၁၀ |
| ၉ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| ၁၀ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၁ |

| | | |
|---|---|---|
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၂ |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | - |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၁၃ |
| | နောက်ဆက်တွဲ(၄)နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက် | ၁၄ |


ဆီးကျွန်းကျေးရွာ သယံဇာတ အရင်းအမြစ်ပြမြေပုံ
ညွှန်ပြချက်
ဆေးခန်း
စာသင်ကျောင်း
သောက်ရေတွင်း
သုံးရေတွင်း
ဘောလုံးကွင်း
လူနေအိမ်
ဘုန်းကြီးကျောင်း
လက်ဖက်စိုက်ခင်း
ကြံ စိုက်ခင်း
သစ်တော
သွားလမ်း

## ၁။ တည်နေရာ၊ရာသီဉတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ပင်းတယမြို့၏ အနောက်ဘက်တောင်တန်းဒေသ၌ တည်ရှိပြီး ပင်းတယမြို့သို့ ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် တောင်ကုန်းတောင်တန်းဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးလမ်းကြောင်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ကြသည်။ ကျေးရွာ၏ စိုက်ပျိုးရေးအနေဖြင့် လက်ဖက်ကိုအဓိကစိုက်ပျိုးပြီး ရာသီအလိုက် သီးနှံများ စိုက်ပျိုးခြင်းတို့မှာ အသက်မွေးဝမ်းကျောင်းရန်အတွက် အဓိက အားထားရာဖြစ်သည်။

## ၂။ ရာသီဉတု နှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဉတုကောင်းမွန်ပါသည်။ သို့သော် သစ်တောများပြုန်းတီးလာမှုကြောင့် ရာသီဉတုဖောက်ပြားတတ်ပါသည်။ သဘာဝရင်းမြစ်များအနေဖြင့် မြေဧရိယာ မှာ အသင့်အတင့်ရှိကြပြီး တောင်ကုန်းတောင်တန်းဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတအနည်းအကျဉ်းမျှထွက်ရှိပါသည်။ ကျေးရွာအတွက် ရွာ နှင့် (၂)မိုင်ခန့် ဝေးသော စိမ့်စမ်းရေထွက်မှ ရေကို သွယ်ယူခြင်းဖြင့် ကျေးရွာအတွက် မျှဝေသုံးစွဲခွင့် ရှိကြသည်။ စိုက်ပျိုးရေး အတွက် မြေဧက ( ၂၁၁)ဧကရှိပြီး လက်ဖက်ကို အဓိကစိုက်ပျိုးကြသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း (၈)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့၊ စီးပွားရေး ဆိုင်ရာ (၂)ဖွဲ့ ၊ ပညာရေးအဖွဲ့ (၂)ဖွဲ့ နှင့် စီးပွားရေးဆိုင်ရာ (၁)ဖွဲ့တို့ ရှိကြသည်။ ကျေးရွာအတွက် အသေးစား ငွေကြေးအဖွဲ့ကို ပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစား ငွေစုငွေချေးလုပ်ငန်းကို လည်ပတ် ဆောင်ရွက်ရာတွင် ဆောင်ရွက်မှုအား နည်းလာသည်။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်း များစွမ်းဆောင်ရည် မြှင့် တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် လက်ဖက်ကို အဓိကစိုက်ပျိုးကြသည်။ ကျေးရွာ၏ စုစုပေါင်းလက်ဖက်ဧကမှာ (၁၅၉.၆၃)ဧက ရှိသည်။ ဂျုံး နှင့် ရွှေပဲတို့ကို ရာသီ သီးနှံအဖြစ်စိုက်ပျိုးကြသည်။ သို့သော် သီးနှံအတွက် ဖျက်ပိုးများကို တောင်သူများအနေဖြင့် အပြည့်အဝ ကာကွယ်မှု မပြုလုပ်နိုင်ကြခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များ ကို အပြည့်အဝမရှိကြခြင်း၊ သိရှိမှု အားနည်းခြင်းတို့ကြောင့်

သီးနှံပျက်စီးမှု များကြုံတွေ့နေရသည်။ အချို့သော တောင်သူအများစုသည် လုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏ (၂၇%)ဝန်းကျင်သာရှိသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုမှာ တစ်ရွာလုံး၏ (၁၇%) ခန့်မွေးမြူကြသည်။ မွေးမြူရေးလုပ်ငန်းပိုင်း ဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် အရင်းအနှီးချေးငွေကို အလွယ်တကူ မရနိုင်ကြချေ။ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းအတွက် အားနည်းလျက်ရှိသည်။

### (ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

### (ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြ သည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတု နှင့် အမျိုးအစားလိုက် တွက်ချေကိုက်မှုအနည်းအပါးမှ အသင့်အတင့် အနေအထားတွင် ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးချိန်များတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ချေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော သင်တန်းများရှိကြသည်။ အပ်ချုပ်၊ စာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်ရှော့ စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းမှာ ဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်း ထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ထို့ကြောင့် အဆိုပါသင်တန်းများကို အခြေခံသင်တန်းကာလများဖြင့် ခေါ်ယူသင်ကြားပေးရန်နှင့် သင်တန်းများကို တက်ရောက်နိုင်ရန်အတွက် အသိပညာပေးရန် အထူးပင် လိုအပ်လှပါသည်။

## (င) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့်တောင်သူကြီးများ အတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစား လုပ်ငန်းရှင်များသည် စိုက်ပျိုးရေး မွေးမြူရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ အတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမ ကဲ့သို့သော အသင်း ဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမ အသင်းကချေးငွေလိုအပ်သူ ရွာသားများအတွက် ငွေချေး အစီအစဉ်ကို ဆောင်ရွက်သင့်သည်။

## ၅။ အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေးအတွက် စက်ဘီး၊ မော်တော်ဆိုင်ကယ် နှင့်ထော်လာဂျီ စသည်တို့ဖြင့် အဓိကထားအသုံးပြုကြသည်။ ကျေးရွာရှိလမ်းမှာ ကျောက်ချောလမ်းဖြစ်ပြီး ထော်လာဂျီများကိုသာ အသုံးပြုမောင်းနှင်ကြသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် စက်ဘီး(၃)စီး၊ ဆိုင်ကယ်(၆၇)စီး နှင့် ထော်လာဂျီ(၂)စီး ဖြင့် အသုံးပြုနေကြပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေး ပေါ် ပြဿနာများဖြစ်ပေါ် လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

## (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးဆက်သွယ်အသုံးပြုမှုကို ယခုအချိန်ထိမရရှိနိုင်ခဲ့သေးပေ။ နေရောင်ခြည် ဆိုလာမီးဖြင့် သာ အိမ်ထောင်စု၏ သုံးပုံနှစ်ပုံခန့်မျှ အသုံးပြုနိုင်ကြပေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။

## (ဂ) သတင်း နှင့် ဆက်သွယ်ရေး

ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်မွန်ပြီး အခြားသော ဗဟုသုတ သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိပါ။ ကျေးရွာ၏ အနာဂတ်ကြယ်ပွင့်လေးများအနေဖြင့် စာကြည့်တိုက်နှင့် စာအုပ်အလှူရှင်များ ပေါ်ထွန်းလာရေး အတွက် မျှော်လင့်ကြိုးပမ်းလျက်ရှိပေသည်။ ရွာသားများသည် သတင်းစာ၊ ဂျာနယ်တို့ကို လည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ကြောင်းတွေ့ရသည်။

## (ဃ) ပညာရေး

ကျေးရွာ၏ပညာရေးအသင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစု သည် အခြေခံအရေး၊ အဖတ်၊ အတွက် တို့ကို တတ်မြောက်ကြသည်။ ဘွဲ့ရအရေအတွက် မှာ အသင့်အတင့်ရှိပြီး ဘွဲ့ရယောကျ်ားလေးတို့မှာ မရှိသလောက်နည်းပါးသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းတွင် တက်ရောက်သင်ကြားနိုင်ကြသည်။ အလယ်တန်းနှင့် အထက်တန်းများကို (၂.၅)မိုင်ခန့် ရှိသော ကျေးရွာတွင် သွားရောက်သင်ကြားကြရသည်။ ပညာသင်ယူရာတွင် ကလေးများအတွက် လမ်းခရီး အခက်အခဲများကို ကြုံတွေ့ကြရသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း များ နည်းပါးဆဲဖြစ်သည်။

## ၇။ ကျန်းမာရေး၊ ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မိခင်နှင့်ကလေးငယ်အများစုလည်း ကျန်းမာကြ သည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့ သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ ရှိကြသည်။ ကျေးရွာသားများ အနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်း ရေရှိနိုင်ကြပြီး (၃)မိုင် ကွာဝေးပြီး ကား၊ ထော်လာဂျီ ၊ ဆိုင်ကယ်လမ်းများဖြင့် အလွယ်တကူ သွားလာနိုင်သော မြို့နယ်ဆေးရုံ ဆေးဆိုင်များနှင့် လည်း လက်လှမ်းမီသည်။

ကျေးရွာတွင် အချို့အိမ်များ၌ မိုးရေလှောင်ကန်များနှင့် ရွာမှ (၂)မိုင် ခန့်ဝေးသော စိမ့်စမ်းရေတို့ကို ရရှိနိုင်ကြသဖြင့် ဝမ်းပျက်ဝမ်းလျော၊ အစာအိမ်ရောင်စသော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရသည်။

## ၈။ ဘေးအန္တရာယ် နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် လက်ဖက်စိုက်ခင်းများနှင့် အခြားသော သီးနှံစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက် တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်း လာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကို သာ အသုံးပြုမှုများပြားသည်။ ယခုအခါ၌ တောင်သူအများစုသည် ပိုးသတ်ဆေးကိုသာမက ခြံတွင်း ပေါင်းရှင်း ရန်အတွက် ပေါင်းသတ်ဆေးတို့ကို ပါ ယခင်ကထက်ပို၍ သုံးစွဲလာခြင်း ကြောင့် မြေဆီ မြေသြဇာ အရည်အသွေးပိုမိုကျဆင်းလာခဲ့ရသည်။

## ၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့် မ အကြား ပြင်းထန်စွာ အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စ များ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး များသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေး တူညီစွာရရှိကြသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့် ၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်း၊ မူလတန်း အဆင့်တွင် မအရေအတွက် မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကို ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

၁၀။ ဆီးကျအင်းကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာအုပ်စုအမည် – ထွက်နီ | | ကျေးရွာအမည် – ဆီးကျအင်း | မှတ်ချက် |
|---|---|---|---|---|
| | ကဏ္ဍ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | ကျန်းမာရေး | အခြေခံ ကျန်းမာရေး ဝန်ဆောင်မှု / ကျေးလက် ကျန်းမာရေး ဝန်ဆောင်မှု / ကျေးလက် အခြေပြုပြုလူထု အခြေပြု ကျန်းမာရေး ဝန်ဆောင်မှု | ကျေးလက်ဆေးပေးခန်း(၃၀'×၂၀'×၁၂') | |
| ၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ရွာအတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၇၀၀ပေ) | |
| ၃ | လျှပ်စစ် | မဟာဓါတ်အားပေး စနစ်ဖြင့် မီးလင်းစရေး | လျှပ်စစ်မီးရရှိစရေန် (၃) မိုင် | |
| ၄ | ကျေးလက်ရေပေးဝေရေး | သောက်သုံးရေ | အုတ်မိုးလှောင်ကန်တည်ဆောက် ခြင်းဂါလံ(၁၀၀၀၀ဆန့်) | |
| ၅ | စိုက်ပျိုးရေး နည်းပညာ | နည်းပညာ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်း | |
| ၆ | မွေးမြူရေးနှင့်ငါးလုပ်ငန်း/ မွေးမြူရေး ဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | အရင်းအနှီး(မွေးမြူရေး) | |

| | | | | |
|---|---|---|---|---|
| ၇ | အစိုးရ အသိအမှတ်မပြု (သက်မွေးပညာ) | အစိုးရ အသိအမှတ်မပြု (သက်မွေးပညာ) | အသက်မွေးဝမ်းကြောင်းသင်တန်း(လက်သမား၊ပန်းရံ၊အခြေခံစားသောက်ကုန်) | |
| ၈ | ကျောင်းပြင်ပ ပညာရေး | ကျောင်း အဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ | စာကြည့်တိုက်တည်ဆောက်ခြင်း | |
| ၉ | အခြေခံပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ | အားကစားပစ္စည်း ပံ့ပိုးပေးခြင်း | |
| ၁၀ | ကျန်းမာရေး | အခြေခံ ကျန်းမာရေး ဝန်ဆောင်မှု / ကျေးလက် ကျန်းမာရေး ဝန်ဆောင်မှု / ကျေးလက် အခြေပြုလူထု အခြေပြု ကျန်းမာရေး ဝန်ဆောင်မှု | ကျန်းမာရေးအသိပညာဟောပြောပွဲ | |
| ၁၁ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲ | |

နောက်ဆက်တွဲ(၁)

ဆီးကျအင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးဘလှိုင် | ဦးလောဇင် | ၁၃/ပတယ(နိုင်)၀၁၅၃၀၈ | ၅၁ | ဥက္ကဋ္ဌ | | |
| ၂ | ဦးမြင့်ဆွေ | ဦးလှမောင် | ၁၃/ပတယ(နိုင်)၀၁၅၄၁၁ | ၅၃ | အတွင်းရေးမှူး | | |
| ၃ | ဦးမြင့်ထွန်း | ဦးသန်းတင် | ၁၃/ပတယ(နိုင်)၀၃၃၈၈၅ | ၃၈ | ဒု-ဥက္ကဋ္ဌ | ၀၉-၂၅၀၄၈၇၈၈၂ | |
| ၄ | ဦးဝင်းချို | ဦးလောဇင် | ၁၃/ပတယ(နိုင်)၀၄၁၀၃၆ | ၃၈ | စာရင်းကိုင်-၁ | ၀၉-၄၄၅၅၅၄၃၄၄၅ | |
| ၅ | ဦးအောင်ပြုး | ဦးစံရီ | ၁၃/ပတယ(နိုင်)၀၁၅၄၀၂ | ၄၄ | ဘဏ္ဍာရေးမှူး | ၀၉-၄၅၆၀၀၂၇၁၆ | |
| ၆ | ဦးဆန်းဝင်း | ဦးချစ်ဆွေ | ၁၃/ပတယ(နိုင်)၀၃၃၈၉၄ | ၄၀ | သော့ကိုင်-၁ | | |
| ၇ | ဦးရန်ကင်း | ဦးဘသော် | ၁၃/ပတယ(နိုင်)၀၃၃၈၇၉ | ၄၀ | သော့ကိုင်-၂ | ၀၉-၂၅၃၅၀၃၆၄၂ | |
| ၈ | ဦးဝင်းတာ | ဦးအောင်လှ | ၁၃/ပတယ(နိုင်)၀၄၉၂၆၆ | ၃၈ | စာရင်းကိုင်-၂ | | |
| ၉ | ဦးစိုးလင်း | ဦးကျော်ရှိန်း | ၁၃/ပတယ(နိုင်)၀၄၄၆၈၀ | ၃၅ | အဖွဲ့ဝင် | | |
| ၁၀ | ဦးအောင်ချိန် | ဦးနေ | ၁၃/ပတယ(နိုင်)၀၁၅၄၁၉ | ၅၁ | အဖွဲ့ဝင် | | |
| ၁၁ | ဦးဇော်လင်းအောင် | ဦးကံပေး | ၁၃/ပတယ(နိုင်)၀၄၃၁၁၂ | ၃၅ | တွဲဖက်အတွင်းရေးမှူး | | |

**နောက်ဆက်တွဲ(၃)**

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား (ဆီးကျအင်း)ကျေးရွာ

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | အရေးပေါ်ပြဿနာပေါ်ပေါက်ခဲ့ပါကဖြေရှင်းခက်ခဲခြင်း | ကျေးလက်ဆေးပေးခန်းမရှိ | မြေနေရာရှိ | | ကျန်းမာရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးလက်ဆေးပေးခန်း (၃၀'×၂၀'×၁၂') |
| ၂ | ကျေးရွာထုန်ကုန်သယ်ယူရာခက်ခဲ | ရွာတွင်လမ်းမကောင်း | အမာခံကျောက်ရှိပြီး | | သက်ဆိုင်ရာဌာနနှင့်ချတ်ချက်၍ရွာလမ်းပြုပြင်ရန် | ရွာတွင်းလမ်းကွန်းကရစ်ခင်းပေးခြင်း (၇၀၀ပေ) |
| ၃ | ထင်းသုံးစွဲမှုများထုပ်ကုန်ထုပ်လုပ်ရာတွင်မှားမီးစက်သုံးရသည့်အတွင်းကုန်ကျစရိတ်များ | လျှပ်စစ်မီးမရှိ | | | သက်ဆိုင်ရာဌာနနှင့်ချိတ်ချက်၍လျှပ်စစ်မီးရရှိရန်ဆောင်ရွက်ခြင်း | လျှပ်စစ်မီးရရှိစေရန် (၃မိုင်) |
| ၄ | သောက်သုံးရေးမလုံလောက် | ရေလှောင်ကန်မလုံလောက် | | | | အုတ်မိုးရေလှောင်ကန်တည်ဆောက်ခြင်း (ဂါလံ(၁၀၀၀၀ဆံ့) |
| ၅ | အထွက်နည်း၊မျိုးပွားနည်းမသိ | စိုက်ပျိုးရေးမမှန် | | | စိုက်ပျိုးရေးဌာနနှင့်ချိတ်ဆက်၍စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲပြုလုပ်ပေးရန် | စိုက်ပျိုးရေးနည်ပညာပေးသင်တန်း |
| ၆ | မွေးမြူရေးမလုပ်နိုင်မဝယ်နိုင် | တိရစ္ဆာမွေးမြူးရန်အရင်းအနှီးမလုံလောက် | | | ချေးငွေရရှိနိုင်သောအဖွဲ့အစည်းနှင့်ချိတ်ဆက်ဆောင်ရွက်ရန် | အရင်အနှီး (မွေးမြူရေး |
| ၇ | ဝင်ငွေနည်းအဆင့်မြင့်နည်းပညာမတတ် | တတ်မြောက်မှုအားနည်းခြင်း | | | ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ဝင်ငွေရသင်းတန်းများတောင်းခံခြင်း | အသက်မွေးဝမ်းကြောင်းသင်တန်း (လက်သမား၊ပန်းရံ၊အခြေခံစားသောက်ကုန်) |
| ၈ | ဗဟုသုတနည်းပါးခြင်း | စာကြည့်တိုက်မရှိ | မြေနေရာရှိစာအုပ်အလှူရှင်ရှိ | | သက်ဆိုင်ရာဌာနနှင့်ချိတ်ချက်၍စာကြည့်တိုက်ရရှိစေရန်ဆောင်ရွက်ခြင်း | စာကြည့်တိုက်တည်ဆောက်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်<br>စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၉ | ကိုယ်လက်ကြံခိုင်ရေးအသိပည<br>ာအားနည်းခြင်း | အားကစားပစ္စည်းမရှိ | အားကစားကွင်းရှိ | | သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်၍အာ<br>ကစားပစ္စည်းရရှိစေဖော်ဆောင်းခြင်း | အားကစားပစ္စည်းပံ့ပိုးပေးခြင်း |
| ၁၀ | အစာအသောက်နှင့်ပတ်သက်၍<br>သန့်ရှင့်မှုမရှိသင့်မသင့်<br>မခွဲခြားနိုင် | ကျန်းမာရေးဆိုင်ရာအသိ<br>ပညာအားနည်းခြင်း | | | ကျန်းမာရေးဌာနနှင့်ပတ်သက်၍<br>ဖော်ဆောင်ခြင်း | ကျန်းမာရေးအသိပညာပေးဟောပြောပွဲ |
| ၁၁ | သုံးစွဲမှုရှိ | မူးယစ်ဆေးအန္တရာယ်မသိ | | လွယ်ကူစွာဝယ်နိုင် | ကျန်းမာရေးဌာနနှင့်ပတ်သက်၍ဖော်<br>ဆောင်ခြင်း | မူးယစ်ဆေးအန္တရာယ်အသိပညာပေးဟောပွဲ |

နောက်ဆက်တွဲ(၄)

**ဆီးကျအင်းကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်**

| စဉ် | အဆိုပြု လုပ်ငန်းများ | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးလက်ဆေးပေးခန်း(၃၀'×၂၀'×၁၂') | ၁ | ✓ | ✓ | | | |
| ၂ | ရွာအတွင်းလမ်းကွန်ကရစ်ခင်းခြင်း(၇၀၀ပေ) | ၂ | ✓ | ✓ | ✓ | | |
| ၃ | လျှပ်စစ်မီးရရှိစေရန်(၃)မိုင် | ၃ | | ✓ | ✓ | | |
| ၄ | အုတ်မိုးလှောင်ကန်တည်ဆောက်ခြင်းဂါလံ(၁၀၀၀၀ဆန့်) | ၄ | ✓ | ✓ | ✓ | | |
| ၅ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်း | ၅ | ✓ | ✓ | ✓ | ✓ | ✓ |
| ၆ | အရင်းအနှီး(မွေးမြူရေး) | ၆ | ✓ | ✓ | ✓ | ✓ | ✓ |
| ၇ | အသက်မွေးဝမ်းကြောင်းသင်တန်း(လက်သမား၊ပန်းရံ၊အခြေခံစားသောက်ကုန်) | ၇ | ✓ | ✓ | ✓ | ✓ | ✓ |
| ၈ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၈ | | ✓ | ✓ | | |
| ၉ | အားကစားပစ္စည်းပံ့ပိုးပေးခြင်း | ၉ | | ✓ | ✓ | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | | | | |
| ၁၀ | ကျန်းမာရေးအသိပညာဟောပြော ပွဲ | ၁၀ | ✓ | ✓ | ✓ | ✓ | ✓ |
| ၁၁ | မူးယစ်ဆေးဝါးအသိပညာပေးဟောပြေ ာပွဲ | ၁၁ | ✓ | ✓ | ✓ | ✓ | ✓ |

| | | |
|---|---|---|
| | | |
| | | |
| | | |
| | | |
| | | |
| | | |